# ရာဗိန္ဒြာနတ်တဂိုး

# ဆန်းစသော်တာ


မြသန်းတင့်



mgyoe.com
mgyoe.com

mgyoe.com

SAMPLE BOOK



9 248480 504927

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နစ်ကာလများ
စာအုပ်အစီအစဉ် ၄၇၁

# ဆန်းစသော်တာ
# မြသန်းတင့်

# THE CRESCENT MOON
RABINDRANATH TAGORE

နစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁၈ ၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇၃၉၃၉
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

**ဆန်းစသော်တာ**

**မြသန်းတင့်**

**တတိယအကြိမ်၊ မတ်၊ ၂၀၂၄။ (နှစ်ကာလများစာပေ)**

**ဒုတိယအကြိမ်၊ဇန်နဝါရီ၊ ၂၀၁၅။ ( တပေါင်းတည်းပုံနှိပ်၊ပိတောက်ရနံ့စာပေ)**

**ပထမအကြိမ်၊ စက်တင်ဘာ၊ ၁၉၉၃။ (ဂုဏ်ထူးစာပေ)**

**အုပ်ရေ – ၁၀၀၀**

**တန်ဖိုး – ၅၀၀၀ ကျပ်**

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မှတ်သုံ၊ စိုးမင်းအောင်။ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ အိမ် ၇
၂။ ပင်လယ်ကမ်းပါးမှာ ၁၀
၃။ ရေသောက်မြစ် ၁၄
၄။ ကလေး ပရိယာယ် ၁၇
၅။ လူကလေးရဲ့ ပွဲတော် ၂၁
၆။ အအိပ် သူခိုး ၂၅
၇။ အစ ၂၉
၈။ ကလေးရဲ့ ကမ္ဘာ ၃၂
၉။ ကာလနဲ့ ပယောဂ ၃၄
၁၀။ အသရေဖျက်ခြင်း ၃၇
၁၁။ တရားသူကြီး ၄၀
၁၂။ ကစားစရာများ ၄၂
၁၃။ နက္ခတ်ဆရာ ၄၅
၁၄။ ရေလှိုင်းနဲ့ မိုးတိမ် ၄၈
၁၅။ စံကားပွင့် ၅၂
၁၆။ နတ်သမီးတိုင်းပြည် ၅၅
၁၇။ တစ်ကျွန်းစံ ၅၉
၁၈။ မိုးရွာတဲ့နေ့ ၆၅


mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ၁၉။ စက္ကူလှေကလေးများ | ၆၉ |
| ၂၀။ လှေသမား | ၇၂ |
| ၂၁။ ဟိုမှာဘက်ကမ်း | ၇၆ |
| ၂၂။ ပန်းကျောင်း | ၈၁ |
| ၂၃။ ကုန်သည်ကြီး | ၈၅ |
| ၂၄။ စာနာသူ | ၈၈ |
| ၂၅။ သက်မွေးဝမ်းကျောင်းလုပ်ငန်း | ၉၀ |
| ၂၆။ အစ်ကိုကြီး | ၉၃ |
| ၂၇။ လူကြီး ကလေး | ၉၆ |
| ၂၈။ ဆယ့်နှစ်နာရီ | ၁၀၀ |
| ၂၉။ စာရေးဆရာ | ၁၀၂ |
| ၃၀။ ဆိုးတဲ့ စာပို့သမား | ၁၀၆ |
| ၃၁။ သူ့ရဲကောင်း | ၁၀၉ |
| ၃၂။ အဆုံး | ၁၁၅ |
| ၃၃။ ပြန်ခေါ်ခြင်း | ၁၁၉ |
| ၃၄။ စံပယ်ဦး | ၁၂၁ |
| ၃၅။ ညောင်ညိုပင် | ၁၂၄ |
| ၃၆။ ကောင်းချီးမင်္ဂလာ | ၁၂၆ |
| ၃၇။ လက်ဆောင်မွန် | ၁၂၉ |
| ၃၈။ ငါ့တေးသံ | ၁၃၂ |
| ၃၉။ ကလေး သူတော်စင် | ၁၃၄ |
| ၄၀။ နောက်ဆုံး ဈေးနှုန်း | ၁၃၇ |


mgyoe.com

mgyoe.com SAMPLE BOOK

# အိမ်

နေဝင်ဆည်းဆာဟာ
စေးနဲ့သူတစ်ဦးလို
သူ့ရဲ့ နောက်ဆုံးရွှေစတွေကို
သိမ်းနေချိန်မှာ
လယ်ကွင်းကိုဖြတ်ပြီး
ငါ တစ်ယောက်တည်း လျှောက်လာခဲ့တယ်။

အလင်းရောင်က အမှောင်ထုထဲကို
တဖြည်းဖြည်း မြုပ်နေပြီလေ။

ကောက်ရိတ်ပြီးစမို့
မုဆိုးမ ဖြစ်ပြီး ကျန်ခဲ့တဲ့ လယ်တောက
တိတ်ဆိတ်လို့။

သူငယ်တစ်ယောက်ရဲ့ စူးရှတဲ့အသံက
ကောင်းကင်ကို
ရုတ်တရက် ပျံတက်ပြီး
အမှောင်ထုကြီးထဲမှာ
မမြင်မစမ်းနဲ့ လျှောက်သွားလို့။

mgyoe.com

mgyoe.com
SAMPLE BOOK


ညနေခင်းရဲ့ ဆိတ်ငြိမ်မှုထဲမှာ
သူ့တေးသံဟာ
လမ်းကြောင်းကလေး ထင်ကျန်ရစ်ခဲ့တယ်။

ကြံခင်းတွေရဲ့
ဟိုဘက် စားကျက်မြေအစွန်မှာ သူ့ရွာ ရှိလေရဲ့။

ငှက်ပျောပင်ရိပ်တွေနဲ့
သေးသွယ်တဲ့
ကွမ်းသီးပင်တွေကြားမှာ ပုန်းလို့။

အုန်းပင်တွေနဲ့
စိမ်းမှောင်တဲ့ ပိန္နဲပင်တွေကြား ပုန်းလို့။

ကြယ်ရောင်အောက်က
ငါ့ရဲ့ အထီးကျန်လမ်းမှာ
ငါ ခဏရပ်တယ်။

ပုခက်တွေနဲ့ အိပ်ရာတွေ
မိခင်တွေရဲ့ နှလုံးသားတွေနဲ့
ညဦး မီးအိမ်တွေ။

လောကကြီးမှာ ဘာနဲ့မှ ချိန်စက် အဖိုးမဖြတ်နိုင်တဲ့
ဝမ်းသာကြည်နူးမှုမျိုးနဲ့ ဝမ်းသာကြည်နူးနေတဲ့
ငယ်ရွယ်သူတွေ

mgyoe.com

mgyoe.com
SAMPLE BOOK

ဆင်ယင် မွမ်းမံထားရာ
တိုက်တာအိမ်ခြေ အနန္တကို
သူ့လက်မောင်းတွေနဲ့ ပွေ့ဖက်ထားတဲ့
နက်မှောင်တဲ့ ကမ္ဘာမြေကြီးကို
ငါ့ရှေ့မှာ
တဝန်းတလျားကြီး မြင်နေရတယ်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ပင်လယ်ကမ်းပါးမှာ

အဆုံးမရှိတဲ့ လောကတွေရဲ့ ပင်လယ်ကမ်းပါးမှာ
ကလေးတွေ တွေ့ဆုံကြတယ်။

အတိုင်းမသိတဲ့ ကောင်းကင်ကြီးက
ခေါင်းပေါ်မှာ မလှုပ်မယှက် ငြိမ်သက်လို့။

အနားမနေတဲ့ ရေက
ညီးညံ့စွာ မြည်ဟည်းလို့။

အဆုံးမရှိတဲ့
လောကတွေရဲ့ ကမ်းပါးမှာ
အအော်အဟစ်တွေ
အကအခုန်တွေနဲ့
ကလေးတွေ တွေ့ဆုံကြတယ်။

သူတို့ဟာ
သဲတွေနဲ့ အိမ်ဆောက်ကြတယ်။
ခရုခွံနဲ့ ကစားကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

သစ်ရွက်ခြောက်တွေနဲ့ လှေစပ်ပြီး
ကျယ်ပြန့်လှတဲ့ အနက်အရှိုင်းကြီးထဲကို
အပြုံးနဲ့ မျှောလိုက်ကြတယ်။

လောကတွေရဲ့
ပင်လယ်ကမ်းပါးမှာ
ကလေးတွေ ကစားကြတယ်။

သူတို့ဟာ
ရေမကူးတတ်ကြဘူး။
ကွန် မပစ်တတ်ကြဘူး။

ပုလဲငုပ်သူတွေက
ပုလဲတွေကို ငုပ်ယူကြတယ်။

ကုန်သည်တွေက
သင်္ဘောတွေနဲ့
ရွက်လွှင့်သွားကြတယ်။

ကလေးတွေကတော့
ကျောက်စရစ်ခဲလုံးတွေကို
လိုက်ကောက်ပြီး
ပြန်ဖြန့်ကြဲပစ်ကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ဟာ
သိုဝှက်ထားတဲ့ ရတနာတွေကိုလည်း
မရှာတတ်ကြဘူး။
ပိုက်ကွန်တွေကိုလည်း မပစ်တတ်ကြဘူး။

ပင်လယ်ဟာ
ရယ်သံကြောင့် လှုပ်ရှားနေတယ်။

ကမ်းခြေသောင်ဦးရဲ့ အပြုံးက
ခပ်မှိန်မှိန် လင်းလို့။

တေးဆိုပြီး ပုခက်လွှဲတဲ့
လှိုင်းတွေက
အဓိပ္ပာယ်မရှိတဲ့ တေးသီချင်းတွေကို
ဆိုပြနေကြတယ်။

ပင်လယ်ဟာ
ကလေးတွေနဲ့ ကစားနေတယ်။
ကမ်းခြေသောင်ဦးရဲ့ အပြုံးက
ခပ်မှိန်မှိန် လင်းလို့။

အဆုံးမရှိတဲ့ လောကတွေရဲ့
ပင်လယ်ကမ်းပါးမှာ
ကလေးတွေ တွေ့ဆုံကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

လမ်းစ မထင်တဲ့ ကောင်းကင်ပြင်မှာ
မုန်တိုင်းတွေ လှည့်လည်သွားကြတယ်။

ခြေရာ မထင်တဲ့ သမုဒ္ဒရာပြင်မှာ
သင်္ဘောတွေ ပျက်ကြတယ်။

သေမင်းက တိုင်းတစ်ပါးကို ရောက်နေပြီး
ကလေးတွေက ကစားကြတယ်။

အဆုံးမရှိတဲ့ လောကတွေရဲ့
ပင်လယ်ကမ်းပါးမှာ
ကလေးတွေရဲ့
မဟာတွေ့ဆုံပွဲ သဘင်ကြီး ရှိလေရဲ့။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


# ရေသောက်မြစ်

ကလေးရဲ့ မျက်လုံးပေါ်မှာ ပျံ့ဝဲနေတဲ့
အအိပ်ကလေးရယ်လေ။

ဒီအအိပ်ကလေး
ဘယ်က လာသလဲဆိုတာ သိကြရဲ့လား။

သိတာပေါ့
ကောလာဟလ စကားတစ်ခု ရှိတယ်လေ။

ပိုးစုန်းကြူး အရောင်တွေနဲ့
မှိန်မှိန်လင်းနေတဲ့
တောရိပ်တွေကြားက
နတ်သမီးရွာကလေး တစ်ရွာမှာ
ရှက်တတ်တဲ့
အချစ်ဖူးကလေး နှစ်ဖူး ရှိသတဲ့။

အအိပ်ကလေးဟာ
ကလေးရဲ့ မျက်လုံးတွေကို နမ်းဖို့
အဲဒီ အချစ်ဖူးကလေး နှစ်ဖူးထဲက
ထွက်လာတာတဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ကလေးရဲ့ နှုတ်ခမ်းပေါ်မှာ
အိပ်ပျော်နေတုန်း
ဝင်းလက်လာတဲ့
အပြုံးကလေးရယ်လေ။

ဒီအပြုံးကလေး
ဘယ်က မွေးလာသလဲဆိုတာ
သိကြရဲ့လား။

သိတာပေါ့
ကောလာဟလ စကားတစ်ခု ရှိတယ်လေ။

ဆန်းစသော်တာရဲ့
ရောင်ခြည် နုနုလဲ့လဲ့ကလေးတစ်ခုက
တရွေ့ရွေ့ လွင့်နေတဲ့
ဆောင်းဦး တိမ်စွန်တိမ်ဖျားကို လိုက်ထိသတဲ့။

နှင်းရည်နဲ့ ဆေးကြောထားတဲ့
မနက်ခင်းရဲ့ အိပ်မက်ထဲမှာ
ဒီအပြုံးကလေးကို ပထမ မွေးခဲ့တာတဲ့။

အိပ်ပျော်နေတုန်း ကလေးရဲ့ နှုတ်ခမ်းပေါ်မှာ
ဝင်းလက်လာတဲ့ အပြုံးကလေးရယ်လေ။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးရဲ့
ကိုယ်လက်အင်္ဂါတွေပေါ်မှာ ဖူးပွင့်နေတဲ့
ချိုသာနူးညံ့တဲ့ သန့်စင် လန်းဆတ်မှုရယ်လေ။
ဒီသန့်စင် လန်းဆတ်မှုကို ဒီလောက် ကြာအောင်
ဘယ်မှာ ထိန်းသိမ်း သိုဝှက်ထားခဲ့သလဲဆိုတာ
သိကြရဲ့လား။

သိတာပေါ့
ကလေးမိခင် အပျိုဖော်ဝင်စတုန်းက
သူ့နှလုံးသားမှာ နူးညံ့ပြီး တိတ်ဆိတ်တဲ့
အချစ်ရဲ့ လျှို့ဝှက်နက်နဲမှုနဲ့ ဖုံးအုပ်ထားခဲ့သတဲ့။

ကလေးရဲ့ ကိုယ်လက်အင်္ဂါတွေမှာ ဖူးပွင့်နေတဲ့
ချိုသာနူးညံ့တဲ့ သန့်စင်မှုရယ်လေ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


# ကလေးပရိယာယ်

သူသာ သွားချင်တယ်ဆိုရင်
ကလေးဟာ ကောင်းကင်ထဲကို
ခုချက်ချင်း ထပျံသွားနိုင်တာပေါ့။

သူ ခုလို တို့တွေကို ခွဲခွာမသွားတာဟာ
အကြောင်းမဲ့ မဟုတ်ဘူး။

အမေ့ရင်ခွင်မှာ ခေါင်းတင်နေတာကို
သဘောကျလို့။

ပြီးတော့ အမေ့ကို မျက်စိအောက်က
အပျောက်မခံနိုင်လို့။

ကမ္ဘာပေါ်မှာရှိတဲ့ လူတော်တော်များများဟာ
ဉာဏ်ပညာရှိတဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို
နားမလည်ကြပေမဲ့
ကလေးကတော့ ဉာဏ်ရှိတဲ့ စကားလုံးတွေရဲ့
အမူအရာတွေ အားလုံးကို သိတယ်။

သူ ခုလို စကားတွေ သိပ်မပြောဘဲ နေချင်တာဟာ
အကြောင်းမဲ့ မဟုတ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူ အလိုချင်ဆုံးအရာဟာ
အမေ့နှုတ်ဖျားက ထွက်လာတဲ့
အမေ့စကားလုံးတွေကို
လေ့လာချင်လို့။

ဒါ့ကြောင့် ကလေးဟာ
ဒီလောက် အပြစ်ကင်းနေတာပေါ့။

ကမ္ဘာလောကထဲကို
သူတောင်းစားတစ်ယောက်လို ရောက်လာပေမဲ့
ကလေးမှာ ရွှေတွေ
ပုလဲလုံးတွေ တစ်ပုံကြီး ရှိတယ်။

သူ ခုလို
သူတောင်းစားယောင် ဆောင်လာတာဟာ
အကြောင်းမဲ့ မဟုတ်ဘူး။

ကိုယ်လုံးတီးနဲ့ ချစ်စရာ သူဖုန်းစားကလေး
ဒုက္ခရောက်ချင်ယောင် ဆောင်လာတာကတော့
အမေရဲ့ ချစ်မေတ္တာ ဓနဥစ္စာတွေကို
တောင်းရမ်းရအောင်လို့ပေါ့။

သေးငယ်တဲ့ ဆန်းစသော်တာ တိုင်းပြည်ကလေးမှာ
ကလေးဟာ အနှောင်အဖွဲ့ မှန်သမျှက
လွတ်လပ်နေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ ခုလို လွတ်လပ်မှုကို စွန့်လွှတ်လာတာဟာ
အကြောင်းမဲ့ မဟုတ်ဘူး။

အမေရဲ့ အသည်းထောင့်ကလေး တစ်ခုထဲမှာ
အတောမသတ် ပျော်စရာကောင်းနေတဲ့
နေရာကလေး တစ်နေရာ
ရှိတယ်ဆိုတာ သိလို့ပေါ့။

ပြီးတော့ အမေ့ရဲ့ အဖမ်းကိုခံပြီး
အမေ့ရဲ့ ကြင်နာယုယတဲ့ လက်မောင်းတွေထဲမှာ
အဖျစ်ညှစ်ခံနေရတာဟာ
လွတ်လပ်မှုထက် ပိုပြီး
ချိုမြိန်တယ်ဆိုတာ သိလို့ပေါ့။

ပြည့်စုံတဲ့ သုခဘုံကြီးထဲမှာ
နေခဲ့ရတဲ့ ကလေးဟာ
မငိုတတ်ဘူး။

သူ ငိုတတ်လာတာဟာ
အကြောင်းမဲ့ မဟုတ်ဘူး။

အမေ့ရဲ့ တမ်းတတတ်တဲ့ နှလုံးသားကို
ချစ်စရာ့ မျက်နှာပေါ်က အပြုံးကလေးနဲ့
သိမ်းကျုံး ယူငင်နိုင်တာ မှန်ပါရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့
ဘာမဟုတ်တဲ့ အသေးအဖွဲကလေးတွေအတွက်
အမေ့ကို ငိုပြရတာကတော့
မေတ္တာနဲ့ ကရုဏာဆိုတဲ့ နှစ်လွန်းတင် ကြိုးကို
ကျစ်ရအောင်လို့တဲ့။ ။

mgyoe.com

mgyoe.com

# လူကလေးရဲ့ပွဲတော်

လူကလေးရယ်
လူကလေးရဲ့ သင်တိုင်းကလေးကို
ဘယ်သူ အရောင်ခြယ်ပေးသလဲ။

လူကလေးရဲ့ ပြေပြစ်တဲ့ ကိုယ်ခန္ဓာပေါ်က
လုံချည်နီနီကလေးကို
ဘယ်သူများ ဆင်ပေးသလဲ။

မနက်လင်းရင် ကစားရအောင်ဆိုပြီး
တလင်းထဲကို ဆင်းလာခဲ့တယ်လေ။

ခြေကလေး မခိုင့်တခိုင် ပြေးလာရင်း
အလဲလဲ အယိုင်ယိုင်နဲ့။

ဒါပေမဲ့ လူကလေးရယ်
ဒီသင်တိုင်းကလေးကို
ဘယ်သူ အရောင်ခြယ်ပေးတာလဲ။

အသက်ဖူးကလေးရယ်
ဘာကိုများ
သဘောကျလို့ ရယ်တာလဲ။

mgyoe.com

mgyoe.com

မေမေက တံခါးဝမှာရပ်ရင်း
လူကလေးက ပြုံးပြလို့။

မေမေ လက်ခုပ်တီးတော့
မေမေ့ လက်ကောက်တွေက တချွင်ချွင် မြည်လို့
ပြီးတော့
လူကလေးက နွားကျောင်းသားလေးလို
လက်ထဲမှာ တံပြာကလေးကိုကိုင်ပြီး ကလို့။

ဒါပေမဲ့
ဘာကိုများ သဘောကျလို့ ရယ်တာလဲ။
မေမေ့ရဲ့ လည်ပင်းကို
လက်နှစ်ဖက်နဲ့ တွဲခိုပြီး
ဘာတွေကိုများ တောင်းနေတာလဲ။

ကောင်းကင်က သစ်သီးကို ဆွတ်သလို
ကမ္ဘာကြီးကို လှမ်းဆွတ်ပြီး
လူကလေးရဲ့ ပန်းနုရောင်လက်ဖဝါးကလေးထဲမှာ
ထည့်ပေးရမှာလား
လောဘအိုးကလေးရယ်။

အို့ ... သူတောင်းစားကလေးရယ်
ဘာကိုများ ပူဆာနေတာလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

လူကလေးရဲ့ ခြေချင်းက ချူသံလေးတွေကို
လေညင်းက ဝမ်းပန်းတသာ သယ်သွားပြီလေ။

နေမင်းကြီးက လူကလေးရဲ့ အဝတ်အစားတွေကို
ပြုံးပြီး ကြည့်လို့။

မေမေ့ရင်ခွင်ထဲမှာ လူကလေး အိပ်တော့
ကောင်းကင်ကြီးက
လူကလေးကို စောင့်ကြည့်နေတယ်။

မနက်ခင်းက
လူကလေးရဲ့ အိပ်ရာနားကို
ခြေဖျားကလေးထောက်
ရောက်လာပြီး
လူကလေးရဲ့ မျက်လုံးကလေးတွေကို
မွေးမွေးပေးသွားလေရဲ့။

လူကလေးရဲ့ ခြေချင်းက ချူသံကလေးတွေကို
လေညင်းက ဝမ်းပန်းတသာ သယ်သွားပြီလေ။

အိပ်မက်နတ်သမီးက
ဆည်းဆာကောင်းကင်ကို ဖြတ်ပြီး
လူကလေးဆီ ပျံလာနေပြီလေ။

mgyoe.com

mgyoe.com SAMPLE BOOK

လောကမိခင်က မေမေ့နှလုံးအိမ်ထဲကို ဝင်ပြီး
လူကလေး ဘေးမှာ ထိုင်လို့။

ကြယ်ပွင့်တွေကို ဖျော်ဖြေတဲ့ ပလွေဆရာက
လူကလေးရဲ့ ပြတင်းဝမှာ ရပ်လို့။

ပြီးတော့ အိပ်မက်နတ်သမီးက
ဆည်းဆာကောင်းကင်ကို ဖြတ်ပြီး
လူကလေးဆီကို ပျံလာနေပြီလေ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

# အအိပ်သူခိုး

ကလေးရဲ့ မျက်လုံးထဲက အအိပ်ကို
ဘယ်သူများ ခိုးသွားသလဲဆိုတာ
ငါ သိချင်ပါဘိ။

အမေက ရေအိုးကို ခါးထစ်မှာ တင်ပြီး
အနားက ရွာကို ရေခပ်သွားလေရဲ့။

မွန်းတည့်ချိန် ရောက်ပြီလေ
ကလေးတွေရဲ့ ကစားဝိုင်းလည်း သိမ်းပေါ့
ကန်ထဲက ဘဲအုပ်တွေကလည်း ငြိမ်လို့။

နွားကျောင်းသူငယ်က
ညောင်ပင်ရိပ်မှာ အိပ်ပျော်နေတယ်။
သရက်တောနားက ရေအိုင်အစပ်မှာ
ကြိုးကြာငှက်က ဂ္ဂနွေသိက္ခာကြီး တစ်ခွဲသားနဲ့
ငြိမ်သက်စွာ ရပ်လို့။

သည်တုန်းမှာ အအိပ်သူခိုး ရောက်လာတယ်
ပြီးတော့ ကလေးတွေရဲ့ မျက်လုံးထဲက
အအိပ်ကို လုယူပြီး ထွက်ပြေးလေရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

အမေပြန်လာတော့
ကလေးက အခန်းပတ်လည်မှာ လေးဖက်တွားလို့။
ကလေးရဲ့ မျက်လုံးထဲက အအိပ်ကို
ဘယ်သူများ ခိုးသွားသလဲဆိုတာ
ငါ သိချင်ပါဘိ။

အအိပ်သူခိုးကို မရမနေ လိုက်ရှာပြီး
ကြိုးနဲ့ တုပ်ရမယ်။

ကျောက်ဆောင်နဲ့
မျက်မှောင်ကုတ်နေတဲ့ ကျောက်တုံးတွေကြား
စမ်းချောင်းကလေးတသွယ် ယိုစီးရာဖြစ်တဲ့
မည်းမှောင်တဲ့ လိုဏ်ဂူထဲကိုလည်း
လိုက်ရှာရဦးမယ်။

ချောင်ကြားမှာ ခိုကလေးတွေ ညည်းပြီး
ကြယ်လင်းတဲ့ ဆိတ်ငြိမ်မှုထဲမှာ
နတ်သမီး ခြေချင်းတွေ ချွင်ချွင် မြည်လို့
ငိုက်မျဉ်းစရာကောင်းတဲ့
ဘာကုလပင်ရိပ်တွေ အောက်ကိုလည်း
လိုက်ရှာရဦးမယ်။

ညကျတော့လည်း ပိုးစုန်းကြူးတွေ
သူတို့ရဲ့ အလင်းရောင်ကို ဖြုန်းတီးပစ်ရာ

mgyoe.com

mgyoe.com
SAMPLE BOOK

ဝါးရုံတောရဲ့ တီးတိုးပြောတဲ့ ဆိတ်ငြိမ်မှုထဲကိုလည်း
ချောင်းကြည့်ရဦးမယ်။

အအိပ်သူခိုးနေတဲ့ နေရာကိုများ မသိကြဘူးလားလို့
တွေ့သမျှ လူကို မေးရဦးမယ်။

ကလေးရဲ့မျက်လုံးထဲက အအိပ်ကို
ဘယ်သူများ ခိုးသွားသလဲဆိုတာ
ငါ သိချင်စမ်းပါဘိ။

အအိပ်သူခိုးကို မိရင်
သူ့ကို သင်ခန်းစာ ကောင်းကောင်း ပေးရမယ်။

အအိပ်သူခိုးရဲ့ သိုက်မြုံကို
အတင်း ဝင်စီးပြီး
သူ ခိုးသွားတဲ့ အအိပ်ကို
ဘယ်မှာ ထားသလဲဆိုတာ
ရှာရဦးမယ်။

သူ ခိုးသွားတဲ့ အအိပ်ကို အတင်းပြန်လုပြီး
အိမ်ကို ပြန်ယူရဦးမယ်။

အအိပ်သူခိုးရဲ့ တောင်ပံနှစ်ဖက်ကို မြဲမြဲချည်
သူ့ကို ကမ်းနဖူးမှာ တင်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

ရေမှော်ပင်တွေနဲ့ ကြာပင်တွေကြားမှာ
ကျူရိုးတစ်ချောင်းနဲ့ ငါးမျှားခိုင်းရဦးမယ်။

ညနေ ဈေးကွဲချိန် ရောက်လို့
ကလေးတွေ သူတို့အမေတွေရဲ့
ရင်ခွင်ထဲ ရောက်တဲ့အခါကျရင်တော့
ညဌက်ကလေးတွေက
ကဲ ... ခု ဘယ်သူ့အအိပ်ကို ခိုးဦးမှာလဲလို့
သူ့ကို နားကွဲမတတ်
ဝိုင်းလှောင်ကြပေလိမ့်မယ်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

## အစ

'မေမေရယ် သား ဘယ်က လာတာလဲ
သားကို ဘယ်က ကောက်လာတာလဲ'
လို့ ကလေးက မေးတယ်။

'မေမေ့ နှလုံးသားရဲ့ ဆန္ဒအဖြစ်
လူလေးကို မေမေ့ နှလုံးသားထဲမှာ
ဝှက်ထားခဲ့ရတာပေါ့ သားရယ်'။

မေမေ ငယ်ငယ်တုန်းက ကစားခဲ့တဲ့
ယမင်းရုပ်တွေထဲမှာလည်း လူလေး ရှိတာပဲ။

မေမေ မနက်တိုင်း ရွှံ့စေးနဲ့
နတ်ရုပ်ထုတမ်း ကစားခဲ့တဲ့အခါမှာလည်း
လူလေးရဲ့ ပုံကို
မေမေ သွန်းလိုက် ဖျက်လိုက်နဲ့။

မေမေတို့ ကိုးကွယ်တဲ့ အိမ်တွင်းနတ်နဲ့အတူ
လူလေးကိုလည်း ပူဇော်ခဲ့တယ်။
သူ့ ကိုးကွယ်မှုထဲမှာ သားကို ထည့်ပြီး
ကိုးကွယ်ခဲ့တာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

မေမေ့ရဲ့ မျှော်လင့်ချက်တွေနဲ့
မေမေ့ရဲ့ အချစ်တွေထဲမှာ
မေမေ့ဘဝမှာ မေမေ့အမေရဲ့ ဘဝထဲမှာ
လူလေး အသက်ရှင်ခဲ့တာပဲ။

မေမေတို့အိမ်ကို စောင့်တဲ့
အိမ်စောင့် နတ်ဒေဝီရဲ့ ရင်ခွင်မှာလည်း
လူလေးကို
ကာလကြာရှည်စွာ
ပြုစု မွေးမြူခဲ့ဖူးရဲ့။

မေမေ အပျိုဖော်ဝင်လို့
မေမေ့ အသည်းနှလုံးက ပွင့်ချပ်လွှာလေးတွေ
ပွင့်စ ပြုလာတဲ့အခါမှာ
လူကလေးဟာ မွေးရနံ့ကလေးအဖြစ်နဲ့
အဲဒီနားမှာ ဝဲနေခဲ့ဖူးရဲ့။

အရဏ်မတက်ခင်
ကောင်းကင်ပြင်မှာ ရောင်နီပျို့လာသလို
လူလေးရဲ့ နူးညံ့တဲ့ ပျော့ပျောင်းမှုဟာ
မေမေ့ရဲ့ နုနယ်ပျိုရွယ်တဲ့
ကိုယ်လက်အင်္ဂါတွေပေါ်မှာ
ဖူးပွင့်လာခဲ့ဖူးရဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ကောင်းကင်ရဲ့ ပထမ အချစ်ဦး
မနက်လင်းရောင်ခြည်ရဲ့
အမြွာမွေးဖွားဖက်ဖြစ်တဲ့ လူလေးဟာ
လောကသံသရာ ရေယဉ်ထဲမှာ
မျောပါလာပြီး
နောက်ဆုံးကျတော့ မေမေ့နှလုံးသားမှာ
သောင်တင် ကျန်ရစ်ခဲ့တယ်လေ။

လူလေးရဲ့ မျက်နှာကိုကြည့်ရင်း
လျှို့ဝှက်နက်နဲမှုဟာ
မေမေ့ကို ကြီးစိုးလာတယ်။
အားလုံးကို ပိုင်ဆိုင်တဲ့ လူလေးဟာ
မေမေ့ရဲ့ ဥစ္စာပစ္စည်းပါလားလို့
မေမေ စဉ်းစားမိတယ်။

လူလေးကို ဆုံးရှုံးမှာစိုးလို့
မေမေ တင်းတင်းကျပ်ကျပ်
ဖက်ထားမိတယ်။

မေမေ့ရဲ့ သေးသွယ်တဲ့ လက်မောင်းထဲကို
အဖိုးတန်ဆုံး ရတနာဖြစ်တဲ့
လူလေး ရောက်လာအောင်
ဘယ်ပဉ္စလက် တန်ခိုးရှင်ကများ
မန်းမှုတ်ခဲ့သလဲ မသိဘူးလို့ ...။ ။

mgyoe.com

mgyoe.com
SAMPLE BOOK

# ကလေးရဲ့ကမ္ဘာ

လူလေးရဲ့ ကမ္ဘာလောက အလယ်က
တိတ်ဆိတ် ငြိမ်သက်တဲ့
ထောင့်တစ်နေရာမှာ
ငါ သွားပြီး နေချင်စမ်းပါဘိ။

အဲဒီမှာ
လူလေးနဲ့ စကားလာပြောတဲ့
ကြယ်ပွင့်တွေလည်း ရှိတယ်။

အကျီစားသန်တဲ့
တိမ်လိပ်တွေ သက်တံတွေနဲ့
အပျင်းဖြေဖို့
သူ့မျက်နှာကို ငုံ့ကြည့်နေတဲ့
ကောင်းကင်ကြီးတစ်ခုလည်း ရှိတယ်။

ဆွဲ့အချင်ယောင်ဆောင်နေတဲ့သူတွေ
မလှုပ်ရှားနိုင်ယောင် ဆောင်နေတဲ့သူတွေက
သူတို့ရဲ့ ဒဏ္ဍာရီပုံပြင်တွေ
တောက်ပတဲ့ ကစားစရာတွေ
ထည့်ထားတဲ့ ဗန်းတွေကို ယူပြီး
လူလေးရဲ့ ပြတင်းဝကို
တွယ်တက်လာကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

လူလေးရဲ့ စိတ်ထဲကို
ဖြတ်သန်းသွားတဲ့ လမ်းအတိုင်း
ငါ ခရီးသွားချင်စမ်းပါဘိ။

အဲဒီကမှ
နယ်နိမိတ်တွေ အားလုံးရဲ့ အပြင်ဘက်ကို
ထွက်သွားချင်စမ်းပါဘိ။

အဲဒီမှာ
မရှိတဲ့ ရာဇဝင်တွေထဲက
ဘုရင့်နိုင်ငံတွေ အချင်းချင်းကြားမှာ
မရှိတဲ့ ရာဇကြောင်းတွေကို ဆွေးနွေးဖို့
သံတမန်တွေက
အတုံ့အလှယ် ကူးသန်းလို့။

အဲဒီမှာ
အဆင်ခြင်တုံတရားက
တရားဥပဒေတွေကို
စွန်ချုံးပြီး စွန့်လွှတ်လို့။

အမှန်တရားက အချက်အလက်တွေကို
အနှောင်အဖွဲ့က ဖြေလွှတ်လို့။ ။

mgyoe.com